# အထူးကုန်စည်ခွန်ကျသင့်ခြင်းနှင့် ပေးဆောင်ရန်တာဝန်ရှိခြင်း

| စဉ် | ဆောင်ရွက်မှု | ပေးဆောင်ရမည့်သူ | အခွန်နှုန်း အခြေပြုရမည့်နေ့ | အခွန်အခြေပြုတွက်ချက်ရမည့်တန်ဖိုး | ပေးဆောင်ရမည့် အချိန် | မှတ်ပုံတင်/သက်တမ်း တိုးရမည့် အချိန် | ကြေညာလွှာ တင်ရမည့်အချိန် | အထူးကုန်စည်ခွန်ကျသင့်ခြင်းအတွက်တွက်ချက်မှု | ကောက်ခံရမည့်ဌာန |
|---|---|---|---|---|---|---|---|---|---|
| ၁ | တင်သွင်းခြင်း | တင်သွင်းသူ | အကောက်ခွန် ရှင်းလင်းသည့်နေ့ | ကုန်းပေါ်ရောက်တန်ဖိုး | အကောက်ခွန် ဦးစီးဌာနမှရွေး ယူခြင်းမပြုမီ | (၁) ဘဏ္ဍာရေးနှစ် အလိုက် သက်တမ်းတိုးခြင်း ဖြစ်ပါက ယင်းဘဏ္ဍာနှစ် မစတင်မီ ၃ လ<br>(၂) အခြားသောကိစ္စရပ်များ အတွက် လုပ်ငန်းစတင် သည့်နေ့မတိုင်မီ ၃ လ | ကုန်ပစ္စည်းစာရင်းကို အကောက်ခွန်ဦးစီးဌာန သို့တင်သွင်းရမည်။<br>(အကောက်ခွန်ဦးစီး ဌာနမှထုတ်ယူခြင်း မပြုမီတင်သွင်းရန်) | ကျသင့်အခွန် = ( အကောက်ခွန် စည်းကြပ်တန်ဖိုး (AV) + အကောက်ခွန် + ကျန်ချစရိတ် ) x အထူးကုန်စည်ခွန်နှုန်း<br>(ကုန်းပေါ်ရောက်တန်ဖိုး) | အကောက်ခွန် ဦးစီးဌာန |
| ၂ | ထုတ်လုပ်ခြင်း | ထုတ်လုပ်သူ | (၁)<br>ရောင်းချသည့်နေ့<br>(၂)<br>ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များ ဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်နေ့ | (၁) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည် ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံခန့်ခွဲမှုကော်မတီတို့က အတည်ပြုသတ်မှတ်ပေးသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊<br>(၂) ကျန်အထူးကုန်စည်ဖြစ်ပါက ထုတ်လုပ်သူကတင်ပြသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုးနှင့် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက သတ်မှတ်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုး | (၁)<br>ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း<br>(၂)<br>ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ် သည့် အထူး ကုန်စည်ဖြစ်လျှင် ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း | အထက်ပါအတိုင်း | သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း | ၁။ Tier အလွှာပါရှိသော အရက်/စီးကရက်/ဝိုင်<br>ကျသင့်အခွန် = ကုန်စည်ယူနစ်အရေအတွက် x သတ်မှတ်ဈေးကွက်ပေါက်ဈေး အလွှာအလိုက် တစ်ယူနစ်အတွက် ကျသင့်အထူးကုန်စည်ခွန်နှုန်း<br>၂။ ဘီယာ<br>ကျသင့်အခွန် = ကုန်စည်ယူနစ်အရေအတွက် x တစ်ယူနစ်သတ်မှတ်စက်ရုံရောင်းဈေး x အထူးကုန်စည်ခွန်နှုန်း / (၁၀၀ + အထူးကုန်စည်ခွန်နှုန်း)<br>၃။ ဆေးပေါ့လိပ်(ပုဂ္ဂလိက)<br>ကျသင့်အခွန် = အလိပ် အရေအတွက် x အထူးကုန်စည်ခွန်နှုန်း<br>၄။ ကျန်အထူးကုန်စည်ခွန်(၉)မျိုး<br>(အရက်/စီးကရက်/ဝိုင်/ဘီယာ/ဆေးပေါ့လိပ်များမပါ)<br>ကျသင့်အခွန် = [ { သတ်မှတ်ကုန်စည်အရေအတွက် x သတ်မှတ်စက်ရုံရောင်းဈေး } − ကုန်သွယ်လုပ်ငန်းခွန် ] x အထူးကုန်စည်ခွန်နှုန်း / (၁၀၀ + အထူးကုန်စည်ခွန်နှုန်း) | ပြည်တွင်းအခွန် များဦးစီးဌာန |
| ၃ | တင်ပို့ခြင်း | တင်ပို့သူ | အကောက်ခွန် ရှင်းလင်းသည့်နေ့ | ပြည်ပသို့သယ်ယူပို့ဆောင်ပေးမည့် ယာဉ်ပေါ်အရောက်တန်ဖိုး (FOB Price) | တင်ပို့သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း | အထက်ပါအတိုင်း | သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း | ၁။ သစ်လုံး၊ သစ်ခွဲသားများ<br>ကျသင့်အခွန် = ကုန်သွယ်လုပ်ငန်းခွန် မပါရောင်းရငွေ x အထူးကုန်စည်ခွန်နှုန်း / (၁၀၀ + အထူးကုန်စည်ခွန်နှုန်း)<br>(ကုန်သွယ်လုပ်ငန်းခွန်မကျသင့်ပါက FOB Price) | ပြည်တွင်းအခွန် များဦးစီးဌာန |
| ၄ | လက်ဝယ် ထားရှိခြင်း | လက်ဝယ် ထားရှိသူ | စစ်ဆေးတွေ့ရှိ သည့်နေ့ | စိစစ်တွေ့ရှိသည့်အချိန်၌ ရောင်းချနေသည့် တန်ဖိုး (သို့မဟုတ်) ဈေးကွက်ပေါက်ဈေး | စိစစ်တွေ့ရှိသည့်နေ့မှ ၇ ရက်အတွင်း | - | - | အခွန်မပေးဆောင်ထားသည့် အထူးကုန်စည်တန်ဖိုး၏ ၁၀၀% ပေးဆောင် ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမည်။ | ပြည်တွင်းအခွန် များဦးစီးဌာန |

မှတ်ချက်။ (၁) အထူးကုန်စည် ၁၄ မျိုးအနက် သစ်လုံး၊ သစ်ခွဲသားများမှလွဲ၍ ကျန်အမျိုးအစားများအားပြည်ပသို့တင်ပို့လျှင် အထူးကုန်စည်ခွန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ရန်မလိုအပ်ပါ။

(၂) သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်းထုတ်လုပ်ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည်ဖြစ်သည့်အတွက် အခွန်အမှတ်တံဆိပ်ထုတ်ယူရန် အထူးကုန်စည်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

## ဘယ်သူတွေကပေးဆောင်ရန်တာဝန်ရှိတာလဲ ??

အထူးကုန်စည်ကို-

- ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက ⇨ တင်သွင်းသူ
- ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ⇨ ထုတ်လုပ်သူ
- ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက ⇨ တင်ပို့သူ
- အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လယ်ဝယ် ထားရှိခြင်းဖြစ်ပါက ⇨ လက်ဝယ်ထားရှိသူ




## ပျက်ကွက်မှုတွေအတွက် ပြစ်ဒဏ်တွေရှိသလား ??

| စဉ် | ပျက်ကွက်မှုများ | ပြစ်ဒဏ်များ |
|---|---|---|
| (က) | • မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း<br>• အခွန်ထမ်းဆိုင်ရာသတင်း အချက်အလက်များပြောင်းလဲမှုကို အကြောင်းကြားရန်ပျက်ကွက်ခြင်း ( ၁၅ ရက်အတွင်း )<br>• အခွန်ထမ်းမှတ်ပုံတင် ပယ်ဖျက်ခြင်းကို လျှောက်ထားရန် ပျက်ကွက်ခြင်း | ပေးဆောင်ရမည့်အခွန်၏ ၁၀ % ဒဏ်ကြေးငွေ |
| (ခ) | တောင်းခံသည့် သတင်းအချက်အလက် တင်သွင်းရန်ပျက်ကွက်ခြင်း | ဒဏ်ငွေကျပ် သိန်း ၅၀ |
| (ဂ) | အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်း | ကုန်စည်တန်ဖိုး၏ ၁၀၀ % ဒဏ်ငွေ အပြင် ကုန်စည်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း |
| (ဃ) | သတ်မှတ်ကာလအတွင်း အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း | ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀ % ဒဏ်ကြေးငွေ |
| (င) | ကြေညာလွှာနောက်ကျတင်သွင်းခြင်း | အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာ ဒဏ်ကြေးငွေ-<br>၁။ ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅% အပြင် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက်(သို့)တစ်လ၏အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁ %၊<br>၂။ ငွေကျပ် ၁၀၀၀၀၀/- |
| (စ) | သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရန်ပျက်ကွက်ခြင်း | ထုတ်လုပ်သူက အထူးကုန်စည်တန်ဖိုး၏ ၅၀ % ဒဏ်ငွေ |

မှတ်ချက်။ အထက်ပါပျက်ကွက်မှုအလိုက် ပြစ်ဒဏ်များအပြင် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၆(က)၊ ၆၇(က)၊ ၆၈၊ ၆၉၊ ၇၀(က)(ခ)၊ ၇၁၊ ၇၂၊ ၇၃၊ ၇၇ နှင့် ၇၈(က) ပါ ပြစ်ဒဏ်များလည်း ကျခံရနိုင်ပါသည်။

## ဆုငွေချီးမြှင့်ခြင်း

ကျသင့်အခွန်ပေးဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်ကို ဖမ်းဆီးရရှိပါက-

- တပ်ရိုက်၍ရရှိသည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့် အဖွဲ့သို့ ဆုငွေအဖြစ်လည်းကောင်း၊
- ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအား ဆုငွေအဖြစ်ချီးမြှင့်ပါမည်။ သတင်းပေးသူ မည်သူမည်ဝါဖြစ်ကြောင်း အစိုးရကိစ္စမှတစ်ပါး လျှို့ဝှက်ထားပေးမည် ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ




- နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်နေပါသည်။
- ဥပဒေအရ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝ ပေးဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။
- တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ အခွန်ပေးဆောင်ကြသော လုပ်ငန်းရှင် (အခွန်ထမ်း)များအား အထူးကျေးဇူးတင်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်-၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈-၃၈၉၃၁၁၊ ၀၁-၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅ လမ်း၊ ၂၂x၂၃ လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေနှင့် ပုံစံများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အထူးကုန်စည်ခွန်ထမ်းဆောင်ရာတွင် သိရှိလိုက်နာဆောင်ရွက်ကြရမည့် အချက်များ




S G T

ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးအမှတ်(၄၆)၊ နေပြည်တော်
https://www.ird.gov.mm